

# ပဟေဠိဆန်သော ဆံခြည်တစ်မျှင်

အာပါအာဝင်

## လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ

ဂါ ဦး နွန်း ဂို

-အရက်သမား အမှားတစ်ရာ… ဆိုသော စကားအတိုင်း ကျွန်တော်တို့ နှစ်ယောက်ပဲ မှားယွင်းခဲ့ကြသလား။

- ဒါမှ မဟုတ် တစ်စုံတစ်ယောက်၏ ကျီစယ်မှုကို ကျွန်တော်တို့ နှစ်ယောက် ခံခဲ့ရတာလား။

-မည်သို့ပင်ဖြစ်စေ… ချောက်ချားစရာ ကောင်းခဲ့တာတော့ အမှန်ပင်။ ပဟေဠိဆန်သော ဆံချည်တစ်မျှင် တွေ့မြင်ခဲ့ရသည့် ထိုနေ့ညကို ကျွန်တော် သည် တစ်သက် မေ့နိုင်လိမ့်မည် မထင်ပါ။

***

အခန်းတံခါးကို ပိတ်လိုက်ပြီ။ ခန့်မော်က စားပွဲပေါ်မှ အရာကို အမြတ်တနိုး စိုက်ကြည့်ပြီး ကျွန်တော့်ကို မျက်ခုံး ပင့်ပြသည် ။ ကျွန်တော်ကလည်း ခန့်မော်၏ မျက်နှာကို ပြုံးစိစိ လှမ်းကြည့်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည် ။ ဒါက ကျွန်တော်တို့ နှစ်ယောက်ပဲ နားလည် လွယ်သည့် အသံတိတ် ဘာသာစကား တစ်ခု။

ခန့်မော်က စားပွဲပေါ်မှာ အရက်ပုလင်းများကို အာသာငမ်းငမ်း စိုက်ကြည့် နေရာမှ ကျွန်တော့်ကို မျက်ခုံးပင့် ပြသည် က…

"ဘယ်လိုလဲ။ သောက်ကြတော့မလား။ အခန်းတံခါးတွေလည်း ပိတ်ပြီးပြီ။ အလုပ်တွေလည်း ပြီးပြီ။ ငါတို့ မူးလို့ ရူးလို့ ရပြီ"

ဆိုသော အဓိပ္ပာယ်။ ဒါကို ကျွန်တော်က သဘောပေါက်၍ ...

"သောက်ကြစို့။ ငါလည်း သွားရည်ယိုနေပြီ"

ဟူသော သဘောဖြင့် ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်ခြင်း ဖြစ်သည် ။

ခန့်မော်က ခပ်မြန်မြန် ငတိ။ ကျွန်တော့်ဆီက သဘောတူညီမှု ရသည် နှင့် အရက်ပုလင်း နှစ်လုံးကို ကောက်ခါငင်ခါ ဖွင့်လိုက်သည် ။ ဘလက်လေဘယ်၏ တပ်မက်ဖွယ် ရနံ့သင်းသင်းက ကျွန်တော့် နှာသီးဝဆီသို့ ကလူတူတူ မြူတူတူ တိုးဝှေ့ ဝင်ရောက်လာ သဖြင့် ကျွန်တော် တံတွေးကို ဂလုခနဲ အသံမြည်သည် အထိ မျိုချလိုက်ရ၏။ သွားရည်တွေ ယိုနေပြီပဲကိုး ဗျ။

အချိန်ကုန်မှာ စိုး၍ ခန့်မော် အရက်ပုလင်း ဖွင့်နေသည့် အခိုက် ကျွန်တော်က ကြော်လှော်ဝယ်ခြမ်း ထားသော အမြည်းပစ္စည်း များကို သွားပြေးယူသည် ။ ဝက်သားကြော်၊ အာလူးချောင်းကြော်၊ ဘဲသွေးကြော်၊ ကြက်ဆီဘူးကင်နှင့် မြေပဲဆားလှော်။

"ဟာကွာ... မင်းကလည်း ။ ကန်စွန်းရွက်ကြော်လေး လုပ်ပါဆိုတာကို"

"မင့်ကြီးဒေါ် ကန်စွန်းရွက်သည် က ဆိုင်မှ မဖွင့်ဘဲနဲ့ ။ ငါက ဘယ်မှာ သွားဝယ်ရမှာ တုံး"

ခန့်မော်က သူ စားလိုသော ကန်စွန်းရွက်ကြော် မပါသဖြင့် အမြည်း တာဝန်ခံ ကျွန်တော့်ကို အပြစ်တင်သည် ။ ကျွန်တော်ကလည်း မမူးခင်ကတည်းက ဆတ်ဆတ်ထိ မခံသမား။ ချက်ချင်း ပြန်ပက်သည် ။

ဟုတ်လည်း ဟုတ်တာပဲ။ ကျွန်တော်တို့ က ကျောင်းတက် နေသူများ

ဖြစ်ရာ မနက်ဆိုလျှင် ဈေးသွားရန် အချိန် မရှိ။ ညနေခင်းတွင် တိုက်ခန်းရှေ့၌ ရောင်းချသော ကုန်စိမ်းဆိုင် ဖွင့်မှ ပဲ ဝယ်ခြမ်း ချက်ပြုတ်ရ၏။ ယခုညနေ ထိုကုန်စိမ်းဆိုင် မဖွင့်သဖြင့် ကန်စွန်းရွက် ဝယ်၍ မရ။ သို့ကြောင့် ကျွန်တော့်အကြိုက် ဝက်သားကြော်၊ အာလူးချောင်းကြော်နှင့် ကြက်ဆီဘူးကင်တို့ ကို ဆိုင်မှ ဝယ်ယူလာ ပြီး ဘဲသွေးနှင့် မြေပဲဆားလှော်ကမူ ဤအခန်း၏ စားဖိုမှူးဖြစ်သည့် ကျွန်တော့် လက်ရာများပင်။

"အေးပါကွာ။ ငါက အပြစ်တင်တာ မဟုတ်ပါဘူး။ ငါ စားချင်လို့ ပြောမိတာပါ။ ကဲ... ရှိတာနဲ့ ဆွဲတာပေါ့"

ကျွန်တော်က ပြန်ပက်တော့ ခန့်မော်ခမျာ မျက်နှာချိုသွေးရှာသည် ။ သွေးမှာ ပဲလေ။ ဤအခန်းမှာ သူနှင့်ကျွန်တော် နှစ်ယောက်တည်း ငှားရမ်း နေထိုင်ခြင်းဖြစ်ရာ ကျွန်တော်သာ စိတ်ဆိုးပြီး ထထွက်သွားပါက သူ ပြဿနာတက်မည် မဟုတ်လား။ သူက တစ်ယောက်တည်းမှ မနေဝံ့ဘဲကိုး။

"အိုကေ သယ်ရင်း။ အပြတ်အသတ်သာ ဆွဲ... "

"ကြည့်ကြပ်လည်း သောက်ဦး ပိုင်နိုင်ရေ။ တော်ကြာ အရက်သီးလို့ မာလကီးယား သွားဦးမယ် ဟီးဟီး"

"ဟဲ... ဟဲ... "

ခန့်မော်က နောက်သည် ။ ကျွန်တော်က သူ့အပြောကို သဘောကျ၍ တဟဲဟဲ ရယ်သည် ။ ခန့်မော်ကတော့ နောက်လည်း နောက်၊ သောက်လည်း သောက်ဟု ဆိုရမည်။ ကျွန်တော် ရယ်နေတုန်းမှာ ပဲ သူက ကောက်မော့နေပြီ။

***

ခန့်မော်နှင့် ကျွန်တော်-ပိုင်နိုင်က (… … )တက္ကသိုလ်တွင် တက်ရောက် ပညာသင်ကြား နေသော နောက်ဆုံးနှစ် ကျောင်းသားများ ဖြစ်သည် ။ နှစ်ယောက်လုံး နယ်မှ ကျောင်းလာတက်သူများ ဖြစ်၍ နေရေးထိုင်ရေး အတွက် အဆောင်ငှား နေကြရသည် ။ အဆောင် ဆိုပေမဲ့ ကျောင်းအိပ် ကျောင်းစား အဆောင်မျိုး မဟုတ်။ ရွှေပြည်သာ မြို့နယ်ထဲက နှစ်ထပ်အိမ် တစ်လုံး၏ အခန်းငယ်လေး တစ်ခန်းကို နှစ်ဦးစပ်တူ ငှားရမ်းထားခြင်း ဖြစ်သည် ။ ရန်ကုန်မြို့၏ အခန်းငှားခကလည်း စျေးမသေးလှပေ။

ခန့်မော်က မန္တလာသား။ အသားညိုညို အရပ်မြင့်မြင့်နှင့် ပြေပြစ်သော ရုပ်ရည်ရှိသဖြင့် ကျောင်း၌ အတန်အသင့် မျက်နှာပွင့်သူ တစ်ယောက်ဟု ဆိုရမည်။ သင်း(ဒင်း)ကလည်း ခြေငြိမ်လှသည် တော့ မဟုတ်။ မြင်မြင်ကရာ'မ'သတ္တဝါတွေကို မျက်စိမှိတ်ပြကာ အထာပေးလေ့ရှိသလို လာရောက် ရောနှောသော မိန်းမလည်လေး များကိုလည်း လိုက်လျောညီထွေ ပေါင်းသင်း ခင်မင်လေ့ ရှိသည် ။

သို့သော် နောက်ဆုံးနှစ်သို့ ရောက်သည့်တိုင် သူ့ထံ၌ လက်ဆုပ် လက်ကိုင်ပြစရာ ချစ်သူရည်းစား မရှိသေးချေ။ ဒါကလည်း သူ နှစ်သက်သည့် မိန်းကလေး မရှိ၍ သာ ဖြစ်မည်။ သူ့အနားသို့ တိုးကပ် နေသူများ ထဲက တစ်စုံတစ်ယောက်ကိုသာ ချစ်ကြိုက်မိ၍ တစ်ချက်လောက်များ ဖွင့်ပြောလိုက်ပါက ခေါင်းညိတ် လက်ခံမည့် သူချည်းရယ်။ ဤမျှလောက် မြာစွံသော ခန့်မော်။

ကျွန်တော်လား... ကျွန်တော်က မွန်ပြည်နယ်သား။ ‘ပိုင်နိုင်’ဆိုသည့် နာမည်အတိုင်း မပိုင်နိုင်လျှင် ဘာတစ်ခုမျှ မလုပ်။ နောက်ပြီး အသားဖြူဖြူ ပုအိုင့်အိုင့် ကျွန်တော့်ကိုလည်း မိန်းကလေးများက ဝိုင်းကြွေ ပိုးပန်းနေခြင်း မရှိသဖြင့် ခန့်မော်ကဲ့သို့ ရွေးချယ်စရာ မများပြားလှပါ။ အနီးအပါးမှ ရင်းနှီးသူများကိုသာ လိုက်လံချိန်ရွယ် နေခဲ့ရသည် ။ သည် မှာ ပဲ ချစ်ရသူ တစ်ဦးကို ရှာတွေ့ခဲ့၏။

ပထမနှစ် ကတည်းက ခင်မင်ရင်းနှီး နေခဲ့သော အတန်းဖော် သူငယ်ချင်းမ မိုးမဥ္ဇူအပေါ် သံယောဇဉ် ပိုမိရာမှ ချစ်နှောင်ကြိုး တိုးလာ၍ ဖွင့်ပြောဖြစ်ခဲ့ပြီး လွန်ခဲ့သော နှစ်လကပဲ ချစ်သူများ ဖြစ်ခဲ့ကြသည် ။ ခန့်မော်ကတော့ ကျွန်တော့်ကို တော်တော် လက်သွက်တဲ့ ကောင်တဲ့ ။ ဟုတ်လည်း ဟုတ်တာပါပဲ။ သူ့လို ဟိုဟာကောင်းနိုး၊ သည် ဟာကောင်းနိုး ရွေးလွန်းနေလျှင် တစ်ကောင်တည်း ကျန်ရစ် ဖြစ်တတ်သည် ပဲ မဟုတ်လား။

***